**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**သတင်းထုတ်ပြန်ချက်အမှတ် (၁၁/၂၀၂၅)**

၁။ လူသားတို့အပေါ် ဆင်းရဲဒုက္ခကျရောက်စေခဲ့သော ကမ္ဘာစစ်ကြီးများနှင့် ပဋိပက္ခများ၏ ဘေးအန္တရာယ်အသွယ်သွယ်မှကင်းဝေး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကိုဖော်ဆောင်ရန် အလို့ငှာ ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ ပိုမို ထိရောက်အောင်မြင်စေရန် ရည်ရွယ်၍ ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ (International Day of Peace) အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ လူသားအားလုံး၏ဘဝ ဘေးကင်းလုံခြုံစွာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသည် လူတိုင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၌ ဖော်ပြထားသကဲ့သို့ လူ့အခွင့်အရေးအားလုံးကို ရရှိခံစားနိုင် ရန်အတွက် ငြိမ်းချမ်းရေး မရှိမဖြစ် လိုအပ်ကြောင်းကို United Nations Declaration on the Right to Peace (2016) ၌ ဖော်ပြထားပါသည်။ ထို့ပြင် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင် (၁၆) (UN Sustainable Development Goal – 16 ) ပါ “ငြိမ်းချမ်းရေးနှင့် တရားမျှတမှု တည်ဆောက်ရေး” ကို နိုင်ငံအသီးသီးက အထူးအလေးပေး ဆောင်ရွက်လျက် ရှိကြပါ သည်။

၃။ မြန်မာနိုင်ငံတွင်လည်း တရားမျှတမှုအပေါ်အခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး အတွက် ကြိုးပမ်းဆောင်ရွက်ချက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အတည်ပြုလက်မှတ် ရေးထိုးခဲ့သည့် (၁၀) နှစ်ပြည့် နှစ်ပတ်လည် နေ့ အခမ်းအနားကျင်းပရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် ဝမ်းမြောက်မိပါသည်။

၄။ ၂၀၂၅ ခုနှစ်၏ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ဆောင်ပုဒ်မှာ **“Act Now for a Peaceful World - ငြိမ်းချမ်းတဲ့ကမ္ဘာဖြစ်စေဖို့ ယခုကစ ဆောင်ရွက်စို့”** ဖြစ်ရာ နိုင်ငံသူ နိုင်ငံသားအားလုံး အနေဖြင့် ငြိမ်းချမ်းရေးကို လိုလားတောင့်တနေကြသည်နှင့်အမျှ လူပုဂ္ဂိုလ်တစ်ဦးချင်းကလည်း တာဝန်သိသိ အသိတရားရှိရှိနှင့် မိမိတို့ဆောင်ရွက်သင့်သည့် ကဏ္ဍများကို ကြိုးပမ်းစွမ်းဆောင်ပေးကြခြင်းဖြင့် ကမ္ဘာ့ လူသားအားလုံး၏ ငြိမ်းချမ်းရေးဆိုင်ရာ အခွင့်အရေးကို ရရှိခံစားနိုင်ရန် ယခုမှစ၍ အားလုံးပါဝင် ဆောင်ရွက်ကြပါဟု တိုက်တွန်းလျက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အား ဂုဏ်ပြုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်**